
# သခင့်စကား
ဝိညာဉ်ရေးဂျာနယ်စာစောင်

မိဘတို့သည် ထာဝရဘုရား၏ ပညတ်တရားအတိုင်း
ပြုရသမျှတို့ကို အကုန်အစင်ပြုပြီးမှ – – မိမိတို့မြို့သို့ပြန်ကြ၏။
လုကာ ၂း၃၉

အမှတ်စဥ် (၃၄) ဇွန်လ ၂၀၀၄ ခုနှစ် စေ့စပ်ပေးကိုးကွယ်။ ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် )

## နှလုံးသားလှတဲ့မေမေ



သစ်လွင် တောက်ပြောင်တဲ့ ဝတ်စား ဆင်ယင်မှုကြောင့် လူချမ်းသာလို့ ထင်ရတဲ့ ဇနီးမောင်နှံ နှစ်ယောက်။ သေလုမျှောပါး ဖြစ်နေတဲ့ ၄နှစ်သား အရွယ် ကလေးငယ်ရဲ့ အရေးပေါ် ကုတင် ဘေးနားမှာရပ်လျက် ဆရာဝန်နဲ့ မေးမြန်းလာတဲ့ သူတွေကို ကလေးက မတော် တဆ မီးနဲ့ ကစားလို့ သားလေး မီးလောင်သွားတာ ဖြစ်တယ်လို့ လိမ်ပြောနေ ကြပါတယ်။ အမှန်တကယ်ကတော့ ထိုကလေးကို သူတို့ကိုယ်တိုင် သတင်းစာ စက္ကူနဲ့ ပတ်ပြီး မီးရှို့သတ်လိုက်ကြ တာဘဲ ဖြစ်ပါတယ်။အားနည်းချို့တဲ့ ပိန်လှီနေတဲ့ အမျိုး သမီးငယ် တစ်ယောက်။ ဆရာဝန် နဲ့ တွေ့နိုင်ဖို့ ဂဏာမငြိမ် နိုင်စွာနဲ့ စောင့်နေပါ တယ်။ သူ့ရဲ့ အသက်က ၁၄နှစ်ဘဲ ရှိပါသေးတယ်။ ဒါပေမဲ့ သူ့ရဲ့ ဝမ်းမှာ လွယ်ထား တဲ့ ရင်သွေးလေးကို သတ်ပစ်လိုက်ဖို့ ဆုံးဖြတ်လိုက်ပါ တယ်။

"ငါ ဒီအိမ်မှာ ဆက်မနေတော့ဘူး၊ နင်တို့ရဲ့ ဒဏ်တွေကို ငါမခံနိုင်တော့ဘူး၊ ကလေးတွေကို ဆက်ကြည့်ချင် ကြည့်။ ဒါမှ မဟုတ်ရင်လဲ တခြားလူတွေကို ပေးပစ်လိုက်"၁၁နှစ်အရွယ်ရှိတဲ့ ကလေးမလေးတစ်ယောက် သူ့မိဘရဲ့ အိပ်ခန်းတွင်းက ပြန့်ကျဲလွင့်ထွက်လာတဲ့ စာအုပ်များ၊ အဝတ်အစားများနဲ့ အသုံးအဆောင် ပစ္စည်းလေးတွေကို အစီအစဥ်တကျဖြစ်အောင် လိုက်လံကောက်ယူသိမ်းဆည်းနေချိန်မှာဘဲ အခန်းထဲက စူးစူးရှရှ ထွက်ပေါ်လာတဲ့ မိခင်ဖြစ်သူရဲ့ ဒေါသစကားကြောင့် အရုပ်ကြိုးပြတ်လဲကျသွားပါတယ်။

တကယ်လို့များ သခင်ခရစ်တော်က အမိုး (အမေ့)ရဲ့ရှေ့မှာ ရပ်ပြီး "ဘာ အလိုရှိပါသလဲ" လို့မေးခဲ့ရင်၊ အမိုး ဘာ ဆုတောင်းမှာလဲလို့ ကျွန်မက မေးလိုက်တဲ့အခါ ကျွန်မရဲ့ အမေက မဆိုင်းမတွဘဲ "ကျွန်မရဲ့ သားသမီး တစ်ယောက်ဆီကို ကောင်းကြီးပေးတော်မူပါ" လို့တောင်းမယ်လို့ ပြန်ဖြေခဲ့ပါတယ်။ အမှန်တကယ်ဘဲ ကျွန်မရဲ့ အမေက ဘဝမှာ လင်းယုန်လို ကောင်းကောင်း ပျံသန်းနိုင်ဖို့ ခွန်အားတွေ ပေးခဲ့ပါတယ်။ ကျွန်မ ဆိုတဲ့ လူသားတစ်ယောက်ဖြစ်လာဖို့ ဘုရားသခင်ပေးတဲ့ ကောင်းကြီးမင်္ဂလာလို့ခံယူထားတဲ့ ကျွန်မရဲ့ မိခင်က အသက် ၄၅နှစ် အရွယ်မှာ ကျွန်မကို ကိုယ်ဝန် စလွယ် ခဲ့ပါတယ်။ အသက်ကြီးရင့်လာပေမဲ့ မွေးလာမဲ့ ကျွန်မကို သန္ဓေသား ဘဝကတည်းက သတ်ပစ်လိုက်လို့ရပေမဲ့၊ ဒီလို ရက်စက်တဲ့ အတွေးတွေ အိမ်မက်တွေ လုံးဝ မမက်ဖူးတဲ့ မိခင်၊ ခြေမွေး မီးမလောင်ရလေအောင် အမြဲတစေ ကရုစိုက်လာတဲ့ မိခင်၊ အိမ်ထောင်ရေး ၊ စီးပွားရေး အဆင်မပြေမှုတွေ ရင်ဆိုင် လာရပေမဲ့ သူ့ရဲ့ သားသမီးတွေကို သူစိမ်းလက်ထဲ သက်မဲ့ အရာဝတ္ထုလို လွယ်လွယ် မပေးလိုတဲ့ မိခင် ဖြစ်တဲ့အပြင်၊ အသက်ရှင်တဲ့ ဘုရားကို ကိုးကွယ်ပြီး သားသမီးတွေကိုလဲ ဘုရားသခင် အလိုတော်နဲ့အညီ မှန်ကန်တဲ့ အသက်တာနဲ့ ပုံစံပြ လေ့ကျင့်ပျိုးထောင်ပေးခဲ့တဲ့ မိခင်ကို ကျွန်မ အတွက်ပေးသနားတဲ့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းမိပါတယ်။ ဟာလေလုယာ ။

မိခင်တိုင်းဟာ အမျိုးသမီးတွေ ဖြစ်ကြပါတယ်။ ဒါပေမဲ့ ဘုရားသခင်က အမျိုးသမီးများစွာထဲက တစ်ချို့ကို မိခင် အဖြစ်၊ တနည်းအားဖြင့် ဘုရားကိုယ်စား ကျွန်မတို့ လူမမယ်လေးတွေကို ပြုစုပေးဖို့ မိခင်တွေကို ရွေးချယ် ဖန်ဆင်းပေးထားခဲ့ပါတယ်။ ဒါကြောင့် မိခင် တွေဟာ ထူးခြားတဲ့ အမျိုးသမီးတွေဖြစ်တယ် ဆိုတာငြင်းလို့ မရပါဘူး။ မှန်ပါတယ်။ ကျွန်မတို့ရဲ့ သမိုင်းတစ်ခေတ်မှာ မိခင်များရဲ့ အနစ်နာခံ မေတ္တာပြမှုကြောင့် ထင်ပေါ် ကျော်ကြားတဲ့ ကမ္ဘာကျော် ပုဂ္ဂိုလ်ထူးတွေ အကြောင်း ကြားဖူး၊ ဖတ်ဖူးကြမှာပါ။ မိခင်များရဲ့ အနှိုင်းမဲ့ မေတ္တာ ဟာ ရင်သွေးငယ် တွေရဲ့ အညစ်အကြေးတွေကို ဆေး ကြောသုတ်သင်ပေး နေရပေမဲ့ ငြီးငြင်ခြင်း မရှိခဲ့ပါ။ ခန္ဓာ ကိုယ် အားအင် ကုန်ခမ်း မောပန်းနေပေမဲ့ မိခင်တွေရဲ့ မေတ္တာဟာ မေ့မိန်သွား ခြင်း မရှိခဲ့ပါ။ မိခင်တွေဟာ ဘဝ တစ်လျှောက်လုံးအတွက် မီးပြတိုက်လို လမ်းပြရှင်များ ဖြစ်ကြပါတယ်။ မိခင်များဟာ သားသမီးတွေအပေါ် ကိုယ်ကျိုးစွန့်တဲ့သူများ ဖြစ်တဲ့အပြင် အချို့သော မိခင်တွေဟာ သားသမီးတွေ ကောင်းကြီးခံစားရဖို့ ကြားခံ ဆုတောင်းပေးတဲ့ သူတွေ ဖြစ်ကြပါတယ်။ မသဲ ၂၀း၂၀–၂၈ ကို ဖတ်ရှု ဆင်ခြင်မိတဲ့အခါ ဇေဗေဒဲ အမျိုး သမီး ရှင်ယာကုပ်နဲ့ ရှင်ယောဟန်တို့ရဲ့ မိခင်အကြောင်းကို ဖတ်ရမှာ ဖြစ်ပါတယ်။ သခင်ခရစ်တော်က "အဘယ် ဆုကျေးဇူးကို အလိုရှိသနည်း" လို့မေးလိုက်တဲ့အခါ "ကိုယ်တော်၏ နိုင်ငံတွင် ကျွန်မ၏ သားနှစ်ယောက်ကို လက်ျာတော်ဘက် ၌ တစ်ယောက်၊ လက်ဝဲတော်ဘက်၌ တစ်ယောက် ထိုင်ရသော အခွင့်ကို ပေးတော်မူပါ" လို့ လျှောက်ဆိုထားပါတယ်။ အင်မတန် မွန်မြတ်တဲ့ မိခင်ရဲ့ မေတ္တာဘဲ ဖြစ်ပါတယ်။ သူ့အတွက် ဘာဆုမှ မတောင်းဘဲ သူ့သားနှစ်ယောက်အတွက်ကိုဘဲ ကိုယ်ကျိုးစွန့်ပြီး တောင်းပေးတဲ့ မိခင်ရဲ့ မေတ္တာဖြစ်ပါတယ်။



မော်နီကာ (စိန့်ဩဂတ်စတင်း ရဲ့ မိခင်) အကြောင်း ဖတ်ကြည့်မယ်ဆိုရင်လည်း သူ့ရဲ့ မယုံကြည်သူ လင်ယောကျ်ားကြောင့် သားဖြစ်သူ ဩဂတ်စတင်းဟာ ဒုစရိုက်ထဲမှာ နစ်မွန်းနေခဲ့ပါတယ်။ ဒါပေမဲ့ မိခင်ဖြစ်သူရဲ့ မခြားမလပ် ဆုတောင်းမှုကြောင့် နောက်ပိုင်းမှာ ဩဂတ်စတင်းဟာ ဘုရားတရားဘက်ကို စိတ်လည်လာခဲ့ပါတယ်။ မော်နီကာဟာ တစ်နေ့မှာ နာမည်ကြီး သင်းအုပ်ဆရာ တစ်ပါးဆီသွားပြီး သူ့ရဲ့သား ကယ်တင်ခြင်းရဖို့ တရားသွားဟောခိုင်းပါတယ်။ အလုပ်များတဲ့ သင်းအုပ်က ငြင်းပယ်ခဲ့ပေမဲ့ မလျော့သော ဇွဲလုံ့လနဲ့ တောင်းပန်နေတဲ့ မော်နီကာကို ကြည့်ပြီး "ဒီမျက်ရည် ပိုင်ရှင်ရဲ့ သား၊ ဆုံးရှုံးသွားလို့ မဖြစ်ဘူး" ဆိုလိုတာက မော်နီကာရဲ့ ဆုတောင်းခြင်းမျက်ရည်ဟာ သူ့ရဲ့ သား ကို ပျက်ဆီးခြင်းထဲက ကယ်နှုတ်ဖို့ စွမ်းအားကြီးတဲ့အကြောင်း ဖော်ပြထားပါတယ်။ သခင်ခရစ်တော်ကို အမှန်တကယ် လက်ခံရရှိပြီး အကြွင်းမဲ့ အစေခံသွားတဲ့ ဩဂတ်စတင်း က သူ့မိခင်ရဲ့ ကျေးဇူးတရားတွေကို ပြန်လည်သက်သေခံသွားပါတယ်။

အဲဒီနောက် ရာစုနှစ် တော်တော်ကြာလာပြီး ၁၈၄၉ခုနှစ် စနေနေ့ နေ့လည်ခင်း တစ်ခုမှာသူ့ရဲ့ တစ်ဦးတည်းသောသား ဟတ်ဆင်တေလာ ရဲ့ ကယ်တင်ခြင်းအတွက် ဆုတောင်းပေးတဲ့ မိခင်တစ်ယောက်အကြောင်း ကျွန်မ ဖတ်လိုက်ရပါတယ်။ ဘုရားကျောင်းထဲမှာ နာရီပေါင်းများစွာ မရပ်မနား ဒူးထောက်ဆုတောင်းခဲ့တဲ့ သူမရဲ့ နှလုံးသားတပြင်လုံး ငြိမ်သက်ခြင်းရတဲ့အထိ၊ ထိုနေရာတွင်ပင် အဖြေရလိုက်သူပမာ အိမ်ပြန်လာခဲ့ပါတယ်။ အိမ်ပြန်ရောက်ရောက်ချင်း ဘုရားသခင်အတွက်

အကြွင်းမဲ့ ဆက်ကပ်တော့မဲ့ သားရဲ့ခိုင်မာတဲ့ ဆုံးဖြတ်ချက်ကို ကြားလိုက်ရတဲ့အခါ အတိုင်းမသိ ပျော်ရွှင်တဲ့ မိခင်ရဲ့ အဖြစ်ကို ဖတ်လိုက်ရတဲ့အတွက် မိခင်ရဲ့ ဆုတောင်းခြင်းအားကြီးမှု တန်ခိုးကို ဘုရားသခင်က လျစ်လျူ မရှုထားတာကို တွေ့ရပါတယ်။ ဟတ်ဆင်တေလာ ဟာနောက်ပိုင်းမှာ တရုတ်ပြည်မှာသွားပြီး သာသနာပြုခဲ့တဲ့ ကိုယ်ကျိုးစွန့် ဆရာတော်ကြီးတစ်ပါး ဖြစ်ခဲ့တဲ့အပြင် သူ့ရဲ့ စံနမူနာကြောင့် လူသန်းပေါင်းများစွာ ခရစ်တော်ကို လက်ခံလာကြပြီး တခြားသာသနာပြုဆရာတွေအတွက်လဲ စံနမူနာကောင်းပြခဲ့တဲ့သူ ဖြစ်ပါတယ်။ သမ္မာကျမ်းစာထဲမှာ ရာမမြို့က ဟန္န အကြောင်းကို ဖတ်ကြည့်မယ်ဆိုရင် အင်မတန် သနားဖို့ကောင်းပါတယ်။ သူမဟာ အစေအပါး ကျွန်၊ ပစ္စည်းဉစ္စာ ပြည့်စုံရုံတင်မက သူ့ရဲ့ အမျိုးသား လေကာန ကလဲ သူ့ကိုချစ်ပါတယ်။ ဒါပေမဲ့ သူဟာ သားသမီးမရှိတဲ့ အမြုံမ ဖြစ်ပါတယ်။ သားဘွားခွင့် မရတဲ့အတွက် အစာမစားဘဲ ဘုရားထံတော်မှာ စိတ်နှလုံးသွန်းလောင်းပြီး ဆုတောင်းတဲ့အခါ ဘုရားသခင်နားညောင်းပြီး သား ရှမွေလကို ပေးခဲ့ပါတယ်။ သူအရမ်းပျော် သွားပါတယ်။ ဘုရားကို ကတိပေးထားတဲ့အတိုင်း တစ်ဦးတည်းသောသားကို တင်လှူပူဇော်ဆက်ကပ်ဖို့ ဝန်မလေးခဲ့ပါဘူး။ သူ့ရဲ့ တစ်ဦးတည်းသောသားကို သိပ်ချစ်ပါတယ်၊ နုငယ်တဲ့သားလေး ဖျားနာမှာကို စိုးရိမ်မှာပါဘဲ၊ ညညဆို သားလေးအိပ်ယာမဝင်ခင် သူ့ရဲ့ တစ်နေ့တာ အတွေ့အကြုံ၊ သူ့ ညည်းတွားသံလေးတွေကို နားထောင် ပေးချင်မှာပါဘဲ။ ဒါတင်မက အရမ်းဆိုးသွမ်းတဲ့ ပရောဖက် ဧလိရဲ့ သားတွေနဲ့ မပေါင်းဖို့ သတိပေးချင်မှာပါဘဲ။ ဒါဟာ မိခင်တိုင်းမှာရှိတဲ့ မေတ္တာဖြစ်ပါတယ်။

**တုနှိုင်း မရနိုင်တဲ့ စီးဆင်းမြဲ မေတ္တာ**     **နားညောင်းပါ ချစ်မိခင်တိုင်းမှာ**
**ပုခက်လွှဲတဲ့ လက်တွေ ကောင်းကြီးပေးမူပါ။**     **ရေလိုအေး ပန်းလိုမွှေးပါစေ။**
**အရှင်ဘုရား ကျွန်ုပ် တောင်းလျှောက်သံ**     **ပျော်ရွှင်သော မိခင်များနေ့ဖြစ်ပါစေ။**

ခရစ်တော်၏ မေတ္တာဖြင့် – **ဖြူနှင်းဧဇာ** (( ကိုးကားချက်။ ။ JEAN FLEMING ၏ "A MOTHER'S HEART" ))

---

## ဒယ်ဒီနှင့်ငါးမိနစ်စကားပြောခြင်း

"ဟဲလို ဒယ်ဒီလား၊ **Happy Father's Day** ဒယ်ဒီ" "သမီးငယ် တာတာလား၊ သမီးနေကောင်းလား၊ ကျန်းမာရေး ကရုစိုက်နော်၊ ဒယ်ဒီ သမီးအတွက် အမြဲ ဆုတောင်းပေးနေတယ်" "ဒယ်ဒီရေ၊ တာတာ တို့ကိုလေ၊ ဒီနေ့ မနက် သူဌေးက အလုပ်ထဲမှာ ပေါက်စီကျွေးတယ်။ တာတာ ဒယ်ဒီ့ကို ချက်ခြင်း သတိရလိုက်တယ်။ သမီးတို့ မောင်နှမတွေကို ငယ်ငယ်က ဒယ်ဒီ အလုပ်က အပြန်နောက်ကျပြီး ပင်ပန်းပေမဲ့ အင်းစိန်ကားဂိတ်က ပေါက်စီ ဝယ်လာပြီး၊ ခြံဝရောက်ရင် လေချွန်ပြီး အချက်ပေးတယ်။ သားသမီးတွေ အိပ်ပျော်နေရင်လဲ အတင်းခေါ်နှိုးပြီး ကျွေးတတ်တဲ့ ဒယ်ဒီ့ကို အရမ်းသတိရတယ် သိလား၊ ဒယ်ဒီ။ **God bless you**" "ဒယ်ဒီ့ကို သမီး သတိရရင် ဒယ်ဒီ ပြောခဲ့တဲ့ စကားကို နားထောင်နော်၊ အလုပ်ကို ဘယ်လိုအနေအထားနဲ့ဘဲ လုပ်ရလုပ်ရ၊ ခရစ်တော်ရဲ့ အမှုတော်ကို လုပ်ဆောင်နေတယ်ဆိုတဲ့ စိတ်နဲ့လုပ်၊ ကြားလား သမီးငယ်။ တုံးပိမှ လူသေတာ။ လူပိတာ လူမသေဘူး။ လူ့အောက်ကျို့လို့ မသေနိုင်ဘူး။ ခရစ်တော် နှစ်သက်တဲ့ နှိမ့်ချခြင်းတန်ဆာကို သမီး အမြဲဝတ်ဆင်နော်" "ဟုတ်ကဲ့၊ သမီးလေ နှိမ့်ချခြင်း ပန်းတုံးတိုင်ကို ပြေးနေတုန်း၊ ဒယ်ဒီ့သမီး အဆုံးတိုင်အောင်ပြေးနိုင်ဖို့ ဆုတောင်းပေးနော်။ ဒယ်ဒီ **Phone card** ကုန်ခါနီးပြီ၊ ဒယ်ဒီ့ကို သမီးငယ်ချစ်တယ်" "ဒယ်ဒီလဲ ကျန်းကျန်းမာမာနဲ့ ဘုရားအမှုတော်ကို အဆုံးတိုင်အောင် ထမ်းနိုင်ဖို့ ဆုတောင်းပေးနော်သမီး" "ဟုတ်ကဲ့" "ကဲကဲ သမီး မာမီနဲ့ စကားပြောလိုက်အုံး" – – – ။ **( ဧတာနှင်းပန်း )**

---

## အဖေ့အတွက်ရင်တွင်းစကား



**ရင်ဖွင့်စကား–၁ ။** ကျွန်တော့် အဖေနဲ့ သိတဲ့သူတွေက ကျွန်တော့်ကို မြင်ရင်၊ ကျွန်တော့်ရုပ်က အဖေနဲ့ တူတယ်လို့ ပြောပါတယ်။ မင်းအဖေက ဘယ်လိုတော်တာ၊ ဘယ်လို ကောင်းတာ စသဖြင့် ပြောကြတယ်။ အဖေဟာ ဇနီးနဲ့ သားသမီးတွေကို သိပ်ချစ်တတ်တယ်။ စိုးရိမ်ပူပန်မှုတွေနဲ့ ဆေးရုံတက်နေရင်းက အမေ့ဆီကို ရေးလိုက်တဲ့ စာလေးတစ်စောင်ကို ဖတ်လိုက်ရတယ်။ အဲဒီအချိန်မှာ ကျွန်တော့်အသက် ၃၅ နှစ် ရှိနေခဲ့ပြီ။ မိသားစု စီးပွားရေး အဆင်မပြေတဲ့အချိန် – ကျွန်တော် ၇တန်း ကျောင်းသား အရွယ်မှာ အမေက အစ်မကိုဆူလိုက်တဲ့အခါ အစ်မက "ပါးပါး သာရှိရင် ဒီလို နေရ ကြုံရမှာ မဟုတ်ဘူး" ဆိုတဲ့ ညည်းတွားသံနဲ့ မောင်နှမ အားလုံးရဲ့ တမ်းတသံက အမေ့ကို အသည်းကွဲ စေခဲ့တယ်။ အဖေဟာ သားသမီးတွေအတွက် ခွန်အားနဲ့ အားကိုးရာ အိမ်ထောင်ဦးစီး ဖခင်ကောင်းတစ်ဦးပါဘဲ။ **( မိုးအယ်ဇေး)**

**ရင်ဖွင့်စကား–၂ ။** အဖေဟာ ကျွန်တော်တို့ မိသားစုအပေါ် အစစ အရာရာမှာ တာဝန်ကျေပွန်တဲ့ ဖခင်ကောင်းတစ်ဦးပါဘဲ။ ကျွန်တော် အဖေ့ကို အရမ်းချစ်ပါတယ်။ အဖေ့အပေါ် ကျွန်တော် မကျေနပ်တဲ့ အချက်ကတော့ ကျွန်တော်တို့ မိသားစုကို အစောကြီး လမ်းခွဲခဲ့လို့ပါဘဲ။ အဖေ မရှိတော့တာ ၂၂ နှစ်တာ ကြာခဲ့ပေမဲ့လဲ၊ အဖေ့ကို အောက်မေ့ သတိရ လွမ်းဆွတ်လျက်ပါ။ **( ကိုဇော်ထွန်း )**

**ရင်ဖွင့်စကား–၃ ။** အဖေ့ကို မွေးပြီးတော့ အဖွား ဆုံးသွားတယ်။ အဖိုးက နောက်အိမ်ထောင် ထပ်ပြုလိုက်တဲ့အတွက် အလုပ်များတဲ့ ဖခင်(အဖိုး)၊ မိထွေးနဲ့ ဖအေတူ မအေကွဲ မောင်နှမတွေကြားမှာ အဖေဟာ ကြင်နာသူမဲ့တဲ့ တစ်ကောင်ကြွက် ဖြစ်ခဲ့ရပါတယ်။ အမေနဲ့ အိမ်ထောင်ကျပြီး သားသမီး ၄ယောက် ထွန်းကားခဲ့ပါတယ်။ တတိယမြောက် သားကတော့ ကျွန်တော်ပါဘဲ။ အဖေဟာ ပညာတတ် မဟုတ်သလို ချမ်းသာ၊ ကျော်ကြားတဲ့သူ မဟုတ်တဲ့အတွက် ကျဘမ်း အလုပ်လုပ်ပြီး သားသမီး တွေကို ကျွေးမွေးခဲ့ပါတယ်။

အဖေ တယော ထိုးရင် အရမ်းနားထောင်လို့ကောင်းပါတယ်။ များသော အားဖြင့် ဓမ္မသီချင်းစာအုပ်ထဲက သီချင်းတွေကို ထိုးလေ့ရှိပါတယ်။ ဘောလုံးပွဲလဲ အရမ်း ဝါသနာပါ ပါတယ်။ ( ငယ်ငယ်က မြန်မာ့အသံမှာ တယောအဖွဲ့နဲ့ အသံသွင်းဖူးသလို၊ လက်ရွေးစင် ဘောလုံးသမားလဲ ဖြစ်ခဲ့ဖူးပါတယ် ) နောက်ပိုင်းမှာ စီးပွားရေး အဆင်မပြေလာသလို အရက်ကိုလဲ အလွန်အကျွံ သောက်လာပါတယ်။ ကျွန်တော် ငယ်ငယ်က အဖေနဲ့ အရက်ဆိုင် အတူထိုင်ခဲ့ဖူးသလို (အဖေက အရက်သောက်၊ ကျွန်တော်က အမြည်းစား) အဖေသောက်ဖို့ အရက်ကိုလဲ အမေ မသိအောင် ဆန်နဲ့ လဲလှယ်ပေးခဲ့ဖူးပါတယ်။ ငွေရေးကြေးရေးကိစ္စနဲ့ အဖေ ထောင်ကျဖူးပါတယ်။ အချုပ်ခန်းထဲကနေ "သား အဖေ့အတွက် ဘာမှ မပူနဲ့"လို့ ပြောခဲ့တဲ့ အဖေ့စကားနဲ့ အပြုံးမျက်နှာကို ကျွန်တော်အခုထိ မြင်ယောင်နေတုံးပါဘဲ။ (အဲဒီတုံးက ကျွန်တော် ၄တန်းဘဲ ရှိပါသေးတယ်) အဖေဟာ စကားနည်းပြီး အပြောအဆို အပြုအမူညင်သာတဲ့အတွက် လူတိုင်းနဲ့ တည့်ပါတယ်။ (အရက်မူးလာရင်တော့ အမေနဲ့ မတည့်ပါ)။ ဘာဘဲဖြစ်ဖြစ် "ကျေးဇူးတော်ဘဲ" လို့ ရင်ထဲက လှိုက်လှိုက်လှဲလှဲ ပြောလေ့ရှိပါတယ်။ ညဘက် အရက် ဘယ်လောက်မူးမူး

ခါးဝတ်ပုဆိုးကို မြဲမြဲဝတ်ပြီး အိမ်အရောက် ပြန်လာတတ်ပါတယ်။ အရက်မူးလာရင် ဘယ်သူ့ကိုမှလဲ ရန်မရှာဘူး။ ဆဲဆို ကြိမ်းမောင်းတာလဲ မလုပ်ဘူး။ သားသမီးတွေကိုလဲ မရိုက်ပါဘူး။ အဖေ အရက်သောက်တာ အမေသိရင် စိတ်မကောင်းဖြစ်မှာစိုးလို့ အဖေဟာ အမေ မသိအောင် အရက်ကို ညတိုင်းခိုးသောက်ပါတယ်။ မနက်မိုးလင်းလို့ အမူးပြေသွားရင် ကျွန်တော်တို့စားဖို့ ထမင်းကြော်ကျွေးပါတယ်။ သူရှာတဲ့ငွေနဲ့ သူကိုယ်တိုင် ဈေးသွား၊ ခုတ်ထစ်၊ ချက်ပြုတ်ပေးလေ့ရှိပါတယ်။ ငယ်ငယ်က မိဘမေတ္တာကို ငတ်ခဲ့တဲ့ အဖေဟာ ရပ်ကွက်ထဲက မိမစုံ၊ ဖမစုံ ကလေးတွေကို သူ့ရဲ့ သားသမီးအရင်းဖြစ်တဲ့ ကျွန်တော်တို့ထက် ပိုချစ်တတ်လို့ ကျွန်တော်တို့တောင် မနာလို ဖြစ်ခဲ့ရပါတယ်။ အဖေက ဘဝနဲ့ ရင်းပြီး နမူနာပြခဲ့တဲ့အတွက် ကျွန်တော် အခုထိ ဆေးလိပ်၊ ဘီယာ၊ အရက်သေစာ နဲ့ ငွေရေးကြေးရေး ကိစ္စတွေမှာ ကင်းကင်းရှင်းရှင်း နေနိုင်ခဲ့ပါတယ်။ ၂၀၀၁ခုနှစ် အသက် ၆၁နှစ်မှာ အဖေ ဆုံးပါးသွားခဲ့ပါတယ်။ အဖေ အသက်ရှင်ခဲ့တဲ့ သက်တမ်းတစ်လျှောက်ရဲ့ မှတ်တမ်းအရ ဆွေမျိုး၊ ပါတ်ဝန်းကျင်နဲ့ အသင်းတော်က လူတော်တော်များများက အဖေ့ကို လူတော်လူကောင်းလို့ မသတ်မှတ်ခဲ့ကြပါဘူး။ တစ်ခါတစ်လေမှာ လူတွေက ကောင်းတယ်လို့ ထင်တဲ့သူတွေက ဘုရားသခင်ရဲ့ မျက်မှောက်တော်မှာ မကောင်းတဲ့သူ ဖြစ်သွားတတ်ပါတယ်။ တကယ်လို့များ လူတွေက မကောင်းဘူးလို့ လက်ခံထားတဲ့ အဖေ့ကို ကောင်းကင်ဘုံမှာ ပြန်တွေ့ရရင် လူတွေအံ့သြသွားကြမှာပါ။ အဲဒီအခါကျရင်တော့ ကျွန်တော်က အဖေ့ရဲ့ လက်သုံးစကားဖြစ်တဲ့ "ကျေးဇူးတော်ဘဲ" ဆိုတဲ့ စကားလုံးကို အကြိမ်ကြိမ် ရေရွတ်နေမိမှာပါ။ **( မင်းအောင်သက်လှိုင် )**

▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫

# အဖေ့သွင်ပြင်နဲ့ သားသမီးအမြင်



* အပါးက ဖိုးတားကို ချစ်လွန်းလို့ တခြားလူတွေက ဖိုးတား မကောင်းကြောင်း ပြောကြပေမဲ့၊ အပါးက ဖိုးတားဘက်က ရပ်တည်ပြီး ဖိုးတားကဘဲ အမြဲမှန်တယ်လို့ ထင်ပြီး ဖိုးတားကို အမြဲ ကူညီ ရပ်တည်ပေးတယ်။ အဲဒီလို အပါးရဲ့ အလိုလိုက်မှုကြောင့် ကြီးလာတဲ့အခါ ဖိုးတားဟာ ဘယ်သူ့ကိုမှ ကရုမစိုက်ဘဲ မာနစိတ်ဝင်ခဲ့တယ်။ အပါးရဲ့ မေတ္တာက ဖိုးတားကို ချစ်ရာ မရောက်ဘဲ နှစ်ရာ ရောက်ခဲ့တယ်။ **( ဖိုးတား )**

* ဒယ်ဒီက တာတာ့ကို အသက် ၃၁နှစ်အထိ တစ်ခါမှ မရိုက်ခဲ့ဖူးဘူး၊ အဲဒီလောက်အထိ ဒယ်ဒီက ကျွန်မ အပေါ် ကောင်းခဲ့တယ်။ ဒါပေမဲ့ ဒယ်ဒီက သားသမီးတွေကို အချိန်ပြည့် မပြုစုဘူး၊ သားသမီးတွေ နားမှာ အချိန်ပြည့် မနေဘဲ သူ့အလုပ်ကိုဘဲ ဦးစားပေးလုပ်ခဲ့တယ်။ **( တာတာ )**

* အဖေက ကျွန်မကို တစ်ခါမှ မရိုက်ဖူးဘူး။ ဒါပေမဲ့ အဖေက မလိုအပ်ဘဲ စကားကို အော်ကြီးဟစ်ကျယ် ပြောတတ်တယ်။ ဒါ့ကြောင့် ကျွန်မလဲ အဖေ့လို အသံ ကျယ်တယ်။ **( မဒေဝီ )**

* အဖေက ကျွန်မတို့ကို မနက်အစောကြီး ထပြီး စာကျက်ခိုင်းတယ်။ အဖေက ကပ်စေးနဲပြီး သားသမီးတွေအတွက် ဘာပစ္စည်းဘဲ ဝယ်ဝယ် အဟောင်းတွေဘဲ ဝယ်ပေးတယ်။ မိသားစုအပေါ် ဖခင် တာဝန်ကျေတဲ့ အဖေတစ်ယောက် ဖြစ်ပါတယ်။ **( ရှယ်လီ )**

* အဖေက ငါတို့အိမ်မှာ တစ်မိပေါက် တစ်ယောက်ထွန်းတဲ့သူ ရှိတယ်။ အဲဒါ မင်းဘဲ လို့ ကျွန်တော့်ကို ပြောခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော် အိမ်အလည်လွန်ပြီး အပြန်နောက်ကျတဲ့ အခါကျရင်တော့ အဖေဟာ ကျွန်တော့်ကို ဆော်ဖို့ အိမ်ပေါက်ဝမှာ တုတ်နဲ့ ထိုင်စောင့်နေတတ်ပါတယ်။ **( ကိုစိုင်းမွန် )**

* ကျွန်တော့် အဖေက မိသားစုကို မကြာခန အရသာရှိတဲ့ ဟင်းတွေ ချက်ကျွေးလေ့ရှိတယ်။ ဒါပေမဲ့ တခါတလေကျရင်တော့ အဖေဟာ သူ့သူငယ်ချင်း အရာရှိတွေနဲ့ အဖျော်ယမကာတွေသောက်ပြီး အိမ်ပြန်လာတတ်တယ်။ **( အောင်သူ )**

* အဖေက ဆေးလိပ် အရမ်းသောက်တယ်။ ခေါင်းမာတယ်။ မူးလာရင် စကားသိပ်များတတ်တယ်။ ခေတ်ဆန်တာဆို သိပ်ကြိုက်တယ်။ ဒါပေမဲ့ သူကိုယ်တိုင် အသစ် ဝယ်မသုံးပေမဲ့ ကျွန်မတို့ အတွက်တော့ ခေတ်မှီတဲ့ အရာတွေ ဝယ်ပေးလေ့ရှိပါတယ်။ အဖေက သိပ်စိုးရိမ်တတ်တယ်။ ထပ်ခါထပ်ခါ မလုပ်မချင်း သတိပေးတတ်တယ်။ **( စကားပြေ )**

* အဖေကျော် က သမီး လိုချင်တာ သူနိုင်သလောက် အကုန်လုံး ဖြည့်ဆည်းပေးတယ်။ ဒါပေမဲ့ စိတ် အရမ်းမြန်တယ်။ ထစ်ကနဲဆို ချက်ခြင်းလုပ်ရမှ ကျေနပ်တဲ့ စိတ်မြန် လက်မြန် လူတစ်ယောက် ဖြစ်ပါတယ်။ **( အီချို )**

* အဖေက သူများကို သိပ်ကူညီတတ်တယ်။ ဘုရားသခင်ကို သိပ်ချစ်တတ်တယ်။ ဒါပေမဲ့ သူ ဒေါသ ဖြစ်လာရင်တော့ ဘယ်သူကမှ ဘာမှ ရှင်းပြလို့ မရဘူး။ **( ထူးငယ်ငြိမ်း )**

* အဖေက ပျော်သည် ဖြစ်စေ၊ မပျော်သည်ဖြစ်စေ၊ ဂီတာတီးပြီး သီချင်းဆိုတတ်တယ်။ သူ့ရဲ့ ပြဿနာတွေကို ချီးမွမ်းခြင်းနဲ့ ဖြတ်ကျော်တတ်တဲ့ သူဖြစ်တယ်။ ဒါပေမဲ့ ဆေးလိပ် အရမ်း သောက်တတ်တယ်။ **( အေးမီထွန်း )**

* အဖေက သူ့သမီးသုံးယောက်ကို ဘဝကြမ်းတဲ့ လောက ဇာတ်ခုံပေါ်မှာ မင်းသမီးလို တစ်မျိုး၊ လူကြမ်းလို တစ်သွယ် ကပြနိုင်အောင် သွန်သင်ပေးခဲ့ပါတယ်။ အဖေ ချစ်တဲ့ သမီးတစ်ယောက်အနေနဲ့ အဖေ့ အပေါ်မှာ ဆိုးကွက် ရှာမတွေ့သလောက်ပါဘဲ။ **မမိုး ( နော်ဖဲဆေး )**

* အဖေက သားသမီးတွေ အသုံးအစွဲကြီးတာကို လုံးဝ မကြိုက်ဘူး။
ဒါပေမဲ့ အဖေက သားသမီးတွေကို အချိန်မပေးဘဲ သူ့ဘာသာသူ အချိန်ကုန်တတ်ပါတယ်။ **( ဗညား )**

* အဖေက သနား တတ်တယ်၊ ဖော်ရွေတယ်။ မာန မကြီးဘူး။ ဟန် မဆောင်တတ်ဘူး။ ဆင်းရဲတဲ့ သူတွေနဲ့ အခြေခံ လူတန်းစားတွေကို ပေါင်းဖော်တယ်။ ဒါပေမဲ့ အရက် မူးနေတဲ့အချိန် သူ့ဆီမှာ ပိုက်ဆံ ရှိလို့ကတော့ လမ်းမှာတွေ့သမျှ ကလေးတွေကို မုန့်ဖိုး ပေးပစ်တာဘဲ။ အဲ – အရက် သောက်ဖို့ ပိုက်ဆံ မရှိရင်တော့ အကြွေး ဝယ်သောက်တယ်။ အိမ်က ပိုက်ဆံကို ယူပြီး သောက်တယ်။ ပစ္စည်းနဲ့ လဲလှယ် သောက်တယ်။ **( မင်းအောင်သက်လှိုင် )**

ooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooo

# အဖေနဲ့ အမေ



လူ လူမျိုးဘာသာ၊ ဆင်းရဲချမ်းသာမရွေး မိခင်ဖခင်တိုင်းကို အဖေ၊ အမေလို့ သတ်မှတ်ကြပါတယ်။ ကျွန်မရဲ့ ဘဝမှာတော့ မွေးသဖခင် ဒယ်ဒီ အပြင် အဖေ လို့ ခေါ်ရတဲ့ သူတစ်ယောက် ရှိခဲ့ပါတယ်။ အဖေဟာ ယုံကြည်သူတစ်ယောက် မဟုတ်ပေမဲ့ ဖခင်ကောင်း တစ်ယောက်ရဲ့ အရည်အချင်းနဲ့ ပြည့်စုံတဲ့သူ ဖြစ်ပါတယ်။ ကျွန်မ ဆယ်တန်းကျောင်းသူ ဘဝမှာ အဖေ့ကို စတွေ့ခဲ့ပါတယ်။ အဖေက သူ့သမီး (နောင်တွင် ကျွန်မရဲ့ အခင်ဆုံးသူငယ်ချင်း ဖြစ်လာမဲ့သူ) ကို ကျောင်း လာအပ်ပါတယ်။ အဖေတို့က နယ်က ပြောင်းလာတာဆိုတော့ သူ့သမီး မသွားတတ် မလာတတ်မှာစိုးလို့ ကျောင်းအကြိုအပို့ လုပ်ခဲ့ပါတယ်။ ဒါကို

"အဖေ့ သွင်ပြင် နဲ့ သားသမီး အမြင် " နှင့် "အဖေ့အတွက် ရင်တွင်းစကား"အစီအစဉ်များ အတွက် ဖုန်း (SMS) ဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင် အားဖြင့်သော်လည်းကောင်း ပွင့်လင်းစွာ ဖြေဆိုပေးကြသော ညီအစ်ကို မောင်နှမများအား အထူးကျေးဇူးတင်ပါသည်။

ကျွန်မက လှောင်ရယ် ရယ်ခဲ့ပါတယ်။ အဖေဟာ သူ့သမီးကို စိတ်ချရတဲ့အထိ ကျောင်းကြိုပို့လုပ်ပြီးမှ ကျွန်မနဲ့ ရင်းနှီးပြီး သူ့သမီး အဖော်ရသွားတဲ့အခါမှ ကျောင်းကြိုပို့ မလုပ်တော့ပါဘူး။ ကျွန်မ ကတော့ ကျောင်းဆင်းရင် အဖေတို့ခြံထဲ လိုက်သွားပါတယ်။ ခြံထဲမှာ ကျွန်မ အကြိုက်ဆုံးက ကန်စွန်းခင်းကြီးနဲ့ သံပုရိုပင်ကြီးတွေဘဲဖြစ်ပါတယ်။ ဒီတော့ အမေက ပါလာရပြန်ပါတယ်။ အမေက ကန်စွန်းညွန့်လေးတွေခူးပြီး ကြော်ကျွေးတတ်သလို သံပုရိုသီးကြီးတွေကိုလဲ သုတ်ကျွေးပါတယ်။ အဖေဟာ အနေတည်ပြီး သဘောကောင်းသလို အမေကတော့ ကျွန်မတို့ အလိုကို လိုက်တတ်ပါတယ်။ တခါတရံ အဖေ့သားတွေက ကျွန်မကို အလိုမလိုက်ဖို့ ပြောတတ်ပါ တယ်။ ဒါကို ကျွန်မက မနာလိုလို့ ပြောကြတာလို့ ချေပလေ့ရှိတာမို့ အဖေနဲ့ အမေက ပြုံးပြီး နားထောင်နေ တတ်ပါတယ်။

တခါတရံမှာ အဖေတို့ခြံထဲမှာ သူငယ်ချင်းတွေ စုပြီးစာကျက်လေ့ရှိပါတယ်။ စာကျက်တာက နဲနဲ၊ အစာစားပြီး စကားပြောတာက များများလေ။ အမေဟာ မညည်းမညူ သံပုရိုသီးသုတ်ကျွေးတတ်သလို ကျွန်မ ကြိုက်တဲ့ လက်ဖက်သုတ်ဆိုရင်လဲ ပုဇွန်ခြောက်နိုင်းချင်းနဲ့ ကျွေးတတ်ပါတယ်။ အဖေဟာ အိမ်ထောင်ဦးစီး တစ်ယောက်အနေနဲ့ စီးပွားကို လုပ်တဲ့အခါမှာ သားသမီးတွေအားလုံးက တစီးတစ်လုံးတည်း ဝိုင်းလုပ်ကြတာကို တွေ့ရပါတယ်။ ကျွန်မကိုလဲ စီးပွားရေး လုပ်တတ်အောင် သင်ပေးပါတယ်။ အဖေဟာ စကားနည်းပေမဲ့ ပြောစရာရှိရင် ပြတ်ပြတ်သားသား ပြောလေ့ရှိတဲ့သူပါ။ ကျွန်မဟာ အထက်တန်းကျောင်းသူ ဘဝက စပြီး အဖေအမေတို့နဲ့ နေခဲ့တာ အသက်ကြီးပြီး လုပ်ငန်းခွင် ဝင်တဲ့အထိပါဘဲ။ ကျွန်မ စီးပွားရေးလုပ်ရင် အဖေနဲ့ အမေတို့ ဝိုင်းကူလေ့ရှိပါတယ်။ စီးပွားရေး အဆင် မပြေရင် သူတို့ ချက်ခြင်းသိပြီး မလုပ်ဖို့ တားမြစ် တတ်ပါတယ်။ အဖေဟာ ဖယောင်းတိုင် စီးပွားရေး လုပ်ငန်းကို နာမည်တစ်လုံးရတဲ့ အထိလုပ်သွားနိုင် ခဲ့သလို ကျွန်မကိုလဲ သင်ပေးခဲ့ပါတယ်။ အဖေ ဆီးကျိတ်ကင်ဆာရောဂါ ခံစားရတဲ့အချိန်မှာတော့ ကျွန်မ ပြုစုခွင့်ရခဲ့ပါတယ်။ ရောဂါခံစားရတဲ့အခါမှာ သမီးရင်းတစ်ယောက်လို ကျွန်မကို စိတ်မရှည်စွာ နဲ့ အော်ခဲ့ပေမဲ့ ကျွန်မက အပြုံးလေးနဲ့ တုံ့ပြန်နိုင်ခဲ့ ပါတယ်။

ကျွန်မ စင်ကာပူမှာ အလုပ်လုပ်နေချိန်မှာ၊ အဖေ ဆုံးသွားပြီဆိုတဲ့ သတင်းကို ကြားကြားချင်း ဖုန်းဆက်ပါတယ်။ အမေက "သမီးရယ် ပြန်လာခဲ့အုံး အမေသတိရတယ်"လို့ ပြန်ပြောပါတယ်။ ဟိုတုန်းက ကျွန်မဟာ အမေ့အိမ်မှာ အိပ်လေ့ရှိပါ တယ်။ ကျွန်မ မအိပ် အိပ်ရအောင်လဲ အမေက ခေါ် ထားလေ့ရှိသလို ကျွန်မရဲ့ မာမီ ဆီမှာလဲ ခွင့်တောင်း လေ့ရှိပါတယ်။ တဇွတ်ထိုးလုပ်တတ်တဲ့ ကျွန်မရဲ့ ဉာဉ်ဆိုး ကိုလဲပြင်ဖို့ အမေက ဆုံးမပေးခဲ့ပါတယ်။ အမေတို့ ဘာသာတရားအရ ပူဇော် ပသထားတဲ့ အစာတွေကို ကျွန်မက မစားတတ်ဘူးဆိုတာသိလို့ ကျွန်မ စားဖို့အတွက် အမေဟာ သတ်သတ် အပင် ပန်းခံပြီး ပြန်ချက်ကျွေးတတ်ပါတယ်။ အမေ့ရဲ့ သားအရင်းတွေကတောင် ကျွန်မကို မနာလိုကြပါဘူး။ ကျွန်မ ခွင့်နဲ့ မြန်မာပြည်ကို ခနပြန်လည်ချိန်မှာ နေမကောင်းတဲ့ အမေ့ကို ပြုစုခွင့်ရခဲ့ပါတယ်။ ကျွန်မ စင်ကာပူကို ပြန်လာချိန်မှာ အမေ့ကို နှုတ်မဆက်လိုက်ရပေမဲ့ အမေကတော့ ကျွန်မအတွက် ပုဇွန်ခြောက်ကို ကျွန်မအိမ်မှာ လာပို့ထားပြီးဖြစ်ပါတယ်။ အဖေနဲ့ အမေဟာ ကျွန်မ ဘဝရဲ့ ရောင်ခြည်တစ်ခုပါဘဲ။ အမေ မျက်လုံးခွဲရတယ်လို့ သတင်းကြားတော့ ကျွန်မ စင်ကာပူကနေ ဖုန်းဆက်တယ်။ အမေက "သမီးရယ် အမေ နေကောင်းပါတယ်။ သမီးဘယ်တော့ ပြန်လာအုံးမလဲ၊ လိုတာရှိရင်မှာနော် အားမနာနဲ့"တဲ့။ ကျွန်မ အတွက်တော့ အဖေနဲ့ အမေဟာ ရယူပိုင်ဆိုင်သူတွေ မဟုတ်ဘဲ။ ပေးကမ်းခြင်း လက်နဲ့ ကြိုဆိုနေတဲ့သူတွေပါ။

အဖေ ကောင်းရာသုဂတိ လားပါစေ။ အမေ ကျန်းမာပျော်ရွှင်ပါစေလို့ ဆုတောင်းပေးလျက် ... မိဘတိုင်းကို ဘုရားသခင် ကောင်းကြီးပေးပါစေ။

( အမေ ဒေါ်အုံး နှင့် အဖေ ဦးတင်မောင် သို့ အမှတ်တရ ဂါဝရပြုရင်း – –) ခေတ္တ စင်ကာပူရောက် သမီး – **မဌေလး (ဂျူလိုင်)**

## သို့ မေမေ (၆)

အမေ
အရင်တုံးက –
ခေါ်တစ်လက်နဲ့
တောတက်ခဲ့သူ ၊
ထင်းခွေ မပျက်
ဟင်းချွေခဲ့သူ ၊
တောင်ယာ မီးမြိုက်
စပါးစိုက်သူ ၊

တစ်နေ့ဝမ်းရေး ၊ ဘုရားပေးသူ ။
ဟန်ဆောင်မှုကင်း ၊ ဘဝ ရှင်းသူ ။
သြော် – နှလုံးစိတ်ဝမ်း ၊ အေးချမ်းခဲ့တယ် ။

အမေ –
အခုတော့
ငွေကြောင့်လား၊ မြေကြောင့်လား ။
နေပူပူမှာ ၊ ရင်ပူတဲ့သူ
လစာကို တွက် ၊ လောဘ ဖက်သူ
တစ်ဘို့ အရေး ၊ ရက်ရွေးတဲ့သူ
အတင်းအဖျင်း ၊ သတင်းကြီးသူ
အတ္တတွေများ ၊ သောကပွားသူ

အမေရေ –
သားမှာ – အလင်းတွေပျောက်
ဆားတွေ မှောက်ခဲ့ပြီ ။ ။

**SAW A. THAW**

## * သဘာဝတရား *

ရွက်ဟောင်းတွေ ကြွေ၊
ရွက်သစ်ကယ်ဝေတော့
တဖန် ဂိမ္မာန် ရောက်ခဲ့ပြန်ပေ့ါ။
ဂိမ္မာန်နွေဦး လေရူး တသုန်
လေညင်းထုံက ထိခတ်သည်းညှာ
လျှောက်ပြန်ပြေးလွှား
သာယာမောဖွယ် ဤမြန်ပြည် ။
အလွမ်းဆိုတာ ရင်၌ခံစား
မိဘမေတ္တာ အကြင်တရားကို
ဆွတ်ဆွတ်ပျံ့ပျံ့ ရိုးချဉ်ထိအောင်
မြင်သိရှိသော် ထိုခဏ၌
ပျော်ရွှင်မြူးတူး လေပြေနူးသို့ –
ရင်၌အေးချမ်း ပီတိလွှမ်း၏ ။
ရာသီတွေ ပြောင်း
ရွက်သစ် လောင်းသော်
အကြင်သရုပ် ဤပြယုဂ်သို့
မိအို ဖအို အရင်တို့အား
ပြောင်းလဲခဲ့သည် အမှန်ရှိသော် –
သြော် ...ဘဝဆိုတာ အနိစ္စမို့
အမြဲကေန် အချိန်တန်လျှင်
အို နာ ရ စမြဲ ။
မအို မနာ မသေ ခင်က
မိဘ ကျေးဇူး သိနားလည်၍
ကျေးဇူးဆပ်နိုင်သော
သားသမီးမြတ် ရတနာများ ဖြစ်ကြပါစေ။
**နွေလမင်း** (၁၁–၂–၂၀၀၄)

## ကိုယ်တော့် အထူး လက်ရာတော်

ဘုရားသခင်က ...
ခိုင်ခံ့တဲ့ တောင်ကြီးရဲ့ အင်အား ၊
သစ်ပင် တကာတို့၏ ဘုရင် ၊
နွေ နေ့ရက်ရဲ့ ကြင်နာ နွေးထွေးမှု ၊
ငြိမ်သက် ပင်လယ်ရဲ့ ခန့်ငြား တည်ကြည်ခြင်း ၊
သဘာဝ တရား၏ သဒ္ဓါတရား ၊
ည အမှောင်ကို လုံခြုံစေတဲ့ လက်ရုံး ၊
ခေတ် အဆက်ဆက်ရဲ့ ဉာဏ်ပညာ ၊
လင်းယုန်ငှက်ရဲ့ ပျံသန်းခြင်း စွမ်းအင် ၊
မိုးဦး ရာသီရဲ့ ပျော်ရွှင်ဖွယ် နံနက်ခင်း ၊
မုံညင်းစေ့ရဲ့ တည်မြဲတဲ့ ယုံကြည်ခြင်း ၊
ထာဝရ သည်းခံနိုင်ခြင်းနှင့် ...
မိသားတစ်စုလုံးရဲ့ လိုအင်ကို အစဉ် ဖြည့်စွမ်းပေးနိုင်တဲ့
စေတနာ၊ မေတ္တာ စတဲ့ –
အရည်အသွေးကောင်းများကို
စုပေါင်းလိုက်ပြီး ၊
တခြား ဘာအရည်အသွေးကောင်းမှ
ထပ်မံဖြည့်စွက်ဖို့ မလိုအပ်တော့တဲ့
သူ့ရဲ့ လက်ရာတော်ကို
ဖေဖေ လို့ အမည်ပေးလိုက်သတဲ့ ။ ။

( **Author unknown** ၏
**What Makes A Dad** ကဗျာအား ဘာသာပြန်
ထားခြင်း ဖြစ်ပါသည်။ )
ခရစ်တော်၌ – **ဖြူနှင်းဇော**